“ကဗီရဟ်” ပြစ်မှုကြီးများမှာ (၁)

အလ္လာဟ်အရှင်မြတ်နှင့် တစ်စုံတစ်ရာအား

ယှဉ်တွဲကိုးကွယ်ခြင်း၊ (၂) မိဘနှစ်ပါး၏အမိန့်ကို

ဖီဆန်ခြင်း (၃) အသက်ဇီဝိန်ကို သတ်ဖြတ်ခြင်း (၄)

မုသားကျိန်ဆိုခြင်းတို့ဖြစ်သည်။

အဗ်ဒုလ္လာဟ် ဗင်န် အမ်ရ်ဗင်န်အာဆ်ွ (ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။ “ကဗီရဟ်”
ပြစ်မှုကြီးများမှာ (၁) အလ္လာဟ်အရှင်မြတ်နှင့် တစ်စုံတစ်ရာအား
ယှဉ်တွဲကိုးကွယ်ခြင်း၊ (၂) မိဘနှစ်ပါး၏အမိန့်ကို ဖီဆန်ခြင်း (၃) အသက်ဇီဝိန်ကို
သတ်ဖြတ်ခြင်း (၄) မုသားကျိန်ဆိုခြင်းတို့ဖြစ်သည်။
[صحيح] [رواه البخاري]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ပြစ်မှုကြီးများနှင့် ပတ်သက်၍ရှင်းပြတော်မူခဲ့သည်။ ပြစ်မှုကြီးဟူသည် ကျူးလွန်သူအား လောကီ၊ လောကုတ္တရာပြစ်ဒဏ်များဖြင့် ပြင်းပြင်းထန်ထန် သတိပေးခြိမ်းခြောက်ထားသည့် ပြစ်မှုများဖြစ်သည်။၎င်းတို့အနက် ပထမဦးဆုံးပြစ်မှုမှာ “အလ္လာဟ်အရှင်မြတ်နှင့် တစ်စုံတစ်ရာအားယှဉ်တွဲကိုးကွယ်ခြင်း” ဖြစ်သည်။ ဤသည် ခဝပ်ကိုးကွယ်မှုအမျိုးအစားများအနက်မှတစ်မျိုးမျိုးကို အလ္လာဟ်အရှင်မြတ်အပြင် အခြားသူအတွက် ပြုလုပ်ခြင်း၊အလ္လာဟ်အရှင်မြတ်နှင့်သာ သီးသန့်သက်ဆိုင်သည့် ဖန်ဆင်းခြင်း၊ ခဝပ်ကိုးကွယ်ခြင်းခံထိုက်ခြင်း၊ မြင့်မြတ်သော ဂုဏ်တော်၊ နာမတော်များတွင် အရှင်မြတ်နှင့်အတူအခြားတစ်စုံတစ်ရာကို တန်းတူပြုလုပ်ခြင်းဖြစ်သည်။ ဒုတိယပြစ်မှုမှာ “မိဘနှစ်ပါး၏အမိန့်ကို ဖီဆန်ခြင်း” ဖြစ်သည်။ ဤသည် စကားဖြင့်ဖြစ်စေ၊လုပ်ရပ်ဖြင့်ဖြစ်စေ၊ ကောင်းမွန်စွာပြုစုစာင့်ရှောက်ခြင်းကို စွန့်လွှတ်၍ဖြစ်စေမိဘနှစ်ပါးကို ဒုက္ခဖြစ်စေသော ကိစ္စတိုင်းကိုဆိုလိုသည်။ တတိယပြစ်မှုမှာ “အသက်ဇီဝိန်ကို သတ်ဖြတ်ခြင်း” ဖြစ်သည်။ ဤသည် အသက်တစ်ချောင်းအား မတရားသဖြင့်ရန်ငြိုးထား၍ သတ်ဖြတ်ခြင်းဖြစ်သည်။ စတုတ္ထပြစ်မှုမှာ “မုသားကျိန်ဆိုခြင်း” ဖြစ်သည်။ဤသည် သိလျက်နှင့် တမင်လိမ်လည်ကျိန်ဆိုခြင်းဖြစ်သည်။ (ယမီးနုလ်ဂမူဆ်)ဟုခေါ်ဆိုရခြင်းမှာ ယင်းကျိန်ဆိုမှုသည် ကျိန်ဆိုသူအား အပြစ်အကုသိုလ် သို့မဟုတ်ဂျဟန္နမ်ငရဲမီး၌နစ်မြုပ်စေသည့်အတွက်ကြောင့်ဖြစ်သည်။

http://sunnah.global/hadeeth/my/show/3044